**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၈**

**၁၃၈၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်**

**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးသည် ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၆၃ တွင် အပ်နှင်းထားသော တာဝန်များကို ကျင့်သုံး၍ ဧရာဝတီလင်းပိုင်များ မျိုးပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် အောက်တွင်သတ်မှတ်ထားသည့် ဧရာဝတီမြစ်ကြောင်းကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ (Ayeyarwady Dolphin Protected Area)အဖြစ် ထပ်မံတိုးချဲ့သတ်မှတ်လိုက်ပြီး အဆိုပါထိန်းသိမ်းရေး နယ်မြေအတွင်း အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများအသုံးပြု၍ ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်လိုက်သည်-

(က) **တားမြစ်ဧရိယာ**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တူးချောင်းရွာဘက်ကမ်းနှင့် တူးချောင်းရွာ၏ တစ်ဘက်ကမ်း(မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၄.၉၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၆.၉၅၇ မိနစ်) ဧရာဝတီမြစ်ကြောင်း**မှစ**၍ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ရွှေကူမြို့နယ်၊သပြေလှကျေးရွာ(အရှေ့ဘက်ကမ်း)နှင့် သပြေလှကျေးရွာ (အနောက်ဘက်ကမ်း)နှင့်(မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၈.၈၅၁ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄.၆၄၇ မိနစ်) ဧရာဝတီမြစ်ကြောင်း **အထိ**

(ခ) **တားမြစ်သည့် ငါးဖမ်းကိရိယာများ**

(၁) ရေလမ်းကြောင်းပိတ်ဆို့ချထားသည့် တန်းပိုက်၊

(၂) မြစ်ကြောင်းအတွင်း ကမ်းတစ်ဖက်မှ တစ်ဖက်ကိုပိတ်၍ ထားသည့် တန်းပိုက်များ၊

(၃) အလျားပေ ၃၀၀ ထက်ပိုသည့် မျှောပိုက်များ၊

(၄) ဘက္ထရီ၊ကျင်စက်၊မီးစက်ဖြင့် ရှော့တိုက်ငါးဖမ်းဆီးခြင်း၊

(၅) အဆိပ်ချ၊ မိုင်းခွဲ ငါးဖမ်းဆီးခြင်း၊

(၆) ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ တားမြစ်သည့် ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းစနစ်များ၊

၂။ ရေလုပ်သားများနှင့် တားမြစ်ထားသည့် ငါးဖမ်းကိရိယာများမှအပ မျှောပိုက်များချထား၍ ငါးဖမ်းရာတွင် တစ်ဖုံနှင့်တစ်ဖုံအကြား ပေ ၆၀၀ အကွာအဝေး ချန်လှပ်ထားရန် သတ်မှတ်လိုက်သည်။

2018August 96